# SMEs Law မူကြမ်း ယခုလွှတ်တော်အမီ တင်သွင်းမည် SMEs အဓိပ္ပာယ်သတ်မှတ်ချက် လုပ်သားတစ်ဦး စတင်ပါဝင်မည်ဖြစ်

သတင်းရင်းမြစ် > ထင်လင်းအောင်
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၁၈ မိနစ်

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဥပဒေမူကြမ်း (SMEs Law-Draft) အား လွှတ်တော် အငွမ ပုံမှန်အစည်းအဝေး အမီ တင်သွင်းသွားမည်ဖြစ်ကြောင်း အသေးစားနှင့်အလတ်စားဖွံ့ဖြိုးရေးဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး
ဒေါက်တာအိရွှေစင်ထွန်းက ပြောသည်။

SMEs Law သည် ရှေ့နေချုပ်ရုံးမှ ဒုတိယအကြိမ် ပြင်ဆင်မှုများ ဆောင်ရွက်ပြီးဖြစ်၍ လက်ရှိတွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားခြင်းဖြစ်သည်။ သမ္မတရုံးမှ လိုအပ်ချက်များပြင်ဆင်ကာ ပြန်လည်ကျလာပါက လွှတ်တော်သို့ တင်ရန်သာ ကျန်ရှိတော့ခြင်းဖြစ်ကြောင်း ပြောသည်။

ဒေါက်တာအိရွှေစင်ထွန်းက "အခု သမ္မတရုံးကို တင်ထားတာဖြစ်တော့ ပြန်ကျလာနဲ့ လွှတ်တော်ကို တင်လို့ရပါပြီ။ လာမယ့်လွှတ်တော်အမီတင်သွားမှာပါ"ဟု ပြောသည်။

လက်ရှိအချိန်တွင် SMEs လုပ်ငန်းများအား တိကျသည့်အဓိပ္ပာယ်သတ်မှတ်ချက်မရှိခြင်းကြောင့် လက်တွေ့တွင် ချေးငွေရရှိရေး၊ နည်းပညာရရှိရေးအပြင် ချမှတ်ထားသည့်မူဝါဒများအား လိုက်နာဆောင်ရွက်ခြင်း ကိစ္စရပ်များ၌ အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ဆိုသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးနေဇင်လတ်က "အဓိက,က SMEs ဆိုတဲ့ ခေါင်းစဉ် အောက်မှာ ဘယ်အလုပ်တွေပါလဲ။ အသေးစား၊ အလတ်စားဆိုတာတွေကို ဘယ်လိုစံနှုန်းတွေနဲ့ သတ်မှတ်ထားလဲဆိုတဲ့ ဥပဒေတစ်ရပ် တိတိကျကျထွက်လာမှာသာ လုပ်ရတာ အဆင်ပြေမှာ။ အခုက SMEs ချေးငွေလို့ပြောပြီး တော်တော်ကြီး တဲ့ လုပ်ငန်းတွေပဲရတာတွေ့ရတော့ SMEs ဖွံ့ဖြိုးရေးဆိုတာနဲ့ ပြန်ချိန်ရင် တော်တော်လေးခွကျတယ်" ဟု ပြောသည်။

အဆိုပါဥပဒေတွင်မူ SMEs လုပ်ငန်းများအဖြစ် ထုတ်လုပ်မှုလုပ်ငန်းများဖြစ်ပါက လုပ်သားတစ်ဦးမှ ၅၀ ဦးနှင့် ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အောက်လုပ်ငန်းများအား အသေးစားအဖြစ်လည်းကောင်း၊ လုပ်သား ၅၁ ဦးမှ ၃၀၀ ဦးနှင့် ရင်းနှီးငွေကျပ်သန်း ၅၀၁ သန်းမှ သန်း ၁၀၀၀ အထိအား အလတ်စားလုပ်ငန်းများအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်ကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများကိုမူ လုပ်သားတစ်ဦးမှ ၃၀ ဦးအထိနှင့် ရင်းနှီးငွေကျပ်သန်း၂၀၀ အောက်အား အသေးစားနှင့် လုပ်သား ၃၁ ဦးမှ ၂၀၀ ဦးအထိနှင့် ရင်းနှီးငွေ ကျပ် ၂၀၁ သန်းမှ ကျပ်သန်း ၅၀၀ အထိအား အလတ်စားအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက "SMEs အဓိပ္ပာယ် သတ်မှတ်ချက်အထဲမှာ Micro Level တွေပါ ပါဝင်အောင်ဆိုပြီး လုပ်သားတစ်ဦးကနေစပြီး သတ်မှတ်ထားတာဖြစ်တယ်" ဟု ပြောသည်။

နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်သော အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံချက် ဆောင်ရွက် ချက်များ ရှိနေသော်လည်း လက်ရှိအချိန်တွင် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ၊ အခြေခံ စိုက်ပျိုးထုတ်လုပ်သူများသည်
ချေးငွေရရှိရေးတွင် အခက်အခဲများရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင် များက ပြောသည်။

ထို့အပြင် သွင်းကုန်ထုတ်ကုန်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင်လည်း မူဝါဒအချို့ကြောင့် လုပ်ငန်း အခက်အခဲများရှိနေရာ SMEs ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ဥပဒေတိကျစွာရှိပါက ကျန်မူဝါဒများကို ရေးဆွဲချမှတ်ရာတွင် ပိုမိုလွယ်ကူစေမည်
ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

သတင်းရင်းမြစ် > ထင်လင်းအောင်
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၁၈ မိနစ်

ဦးနှင်းဦးက "အခုချိန်အထိ SMEs လုပ်ငန်းတွေက ဘာအကူအညီမှ မရသေးဘူး။ ချေးငွေ၊ နည်းပညာတွေပေးနေတာကို ရနေတာကလည်း SMEs ထဲမှာ ပါလာပေ့ါ။ ဒီတော့ အခြေခံထုတ်လုပ်သူဆိုတဲ့ primary producer တွေအားလုံး အဆင်ပြေအောင် ဘယ်လိုလုပ်မလဲဆိုတာ လိုအပ်လာတယ်။ ဒီလို လုပ်ဖို့ကလည်း SMEs မှာ ဘယ်လုပ်ငန်းတွေ ဘယ်အတိုင်းအတာအထိပါလဲဆိုတဲ့ ဥပဒေက အခုထိ ရှိမလာသေးဘူး"ဟု ပြောသည်။

မကြာသေးမီကလည်း SMEs များအား အခွန်ကင်းလွတ်ခွင့်၊ မှတ်ပုံတင်ကြေးကင်းလွတ်ခွင့် စသော ရုပ်သံမှ ကြော်ငြာကြောင့် လုပ်ငန်းရှင်များအနေဖြင့် စုံစမ်းမှုများရှိခဲ့သဖြင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယင်းအစီအစဉ် မရှိကြောင်းအား လွှတ်တော်တွင် တရားဝင်ရှင်းလင်းထားရသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် SMEs Law ထွက်ပေါ်မလာသေးခြင်းကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်း များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိကြောင်း မကြာခဏ ပြောဆိုနေခြင်းဖြစ်ရာ လွှတ်တော်သို့ အမြန်ဆုံးတင်သွင်းနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အသေး စားနှင့်အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေး ဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ပြော သည်။

ဦးဝင်းမောင်က "လုပ်ငန်းရှင်တွေက လည်း SMEs Law□ကို အမြန်ဆုံးထွက်လာစေချင်သလို ကျွန်တော်တို့ဘက်က လည်း ကြိုးစားနေတယ်။ မှန်ပါတယ်။ လုပ်ငန်းရှင်တွေ ပြောသလိုပဲ Law□ ရှိလာရင်တော့ ဘာတွေက ဘယ်လိုလုပ်ရမယ် ဆိုတာ ပိုပြီးလွယ်ကူလာတာပေ့ါ"ဟု ပြောသည်။မြန်မာနိုင်ငံတွင် စက် မှုလုပ်ငန်းအရေအတွက် တစ်သိန်းကျော်ရှိ သော်လည်း တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်းမှာ ၄၀,၀၀၀ ကျော်သာ ရှိသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.